ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်( ၆၆၂ /၂၀၂၂)

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလ ၂၆ ရက်)

**ပုဂ္ဂလိက သစ်တောစိုက်ခင်း နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းကိစ္စ**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉ ဖြင့်ပြဋ္ဌာန်းသည့် သစ်တောဥပဒေပုဒ်မ ၁၄ အရ သစ်တောနယ်မြေတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ပုဂ္ဂလိကသစ်တော စိုက်ခင်းများ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုထားပါသည်။

၂။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသူများကို ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးလျက် ရှိပါသည်။

၃။ သစ်တောမြေအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း ခွင့်ပြုရာတွင် သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ အောက်ပါအတိုင်း လုပ်ကိုင်ဆောင်ရွက်မှုများကို စစ်ဆေးတွေ့ရှိရပါသည်-

(က) ၂၀၁၃ ခုနှစ် မတိုင်မီ သစ်တောမြေအတွင်း **ခွင့်ပြုချက်မရှိဘဲ (ရာဘာ၊ ဆီအုန်း၊ နှစ်ရှည်) စိုက်ခင်းများ ကျူးကျော်စိုက်ပျိုးထားရှိခြင်း**နှင့် ဒေသအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် သစ်တောမြေအတွင်း ရာဘာ၊ ဆီအုန်း၊ နှစ်ရှည်စိုက်ခင်းများ တည်ထောင် စိုက်ပျိုးခြင်း၊

(ခ) **ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့် လျှောက်ထားသူများသည်** သစ်တော မြေအတွင်း၌ ခွင့်ပြုချက်မရှိဘဲ ကြိုတင်စိုက်ပျိုးထားရှိခြင်း၊

(ဂ) **ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့် ရရှိသူများသည်** ခွင့်ပြုဧရိယာအတွင်း ခွင့်ပြုစိုက်ခင်းအမျိုးအစားမှ ခွင့်ပြုချက်မရမီ စိုက်ခင်းအမျိုးအစား ပြောင်းလဲစိုက်ပျိုး ထားရှိခြင်း၊

(ဃ) **ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့် ရရှိသူများသည်** ခွင့်ပြုမိန့်မရရှိဘဲ သစ်မျိုး ပြောင်းလဲစိုက်ပျိုးထားရှိခြင်း၊

(င) ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိသူများသည် ခွင့်ပြုမိန့်မရှိဘဲ ခွင့်ပြု ဧရိယာထက် ပိုမိုစိုက်ပျိုးထားရှိခြင်း၊

(စ) ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့် ရရှိသူများသည် စီမံချက်ပါအတိုင်း စိုက်ပျိုးနိုင်မှုမရှိခြင်း၊

၄။ ပုဂ္ဂလိကသစ်တောစိုက်ခင်း ခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် တစ်စုံတစ်ရာကို လိုက်နာမှုမရှိဘဲ အထက်ဖော်ပြပါကိစ္စရပ်အား ဖောက်ဖျက်ခြင်းကို စစ်ဆေးတွေ့ရှိပါက စစ်ဆေးတွေ့ရှိသူ သစ်တောအရာရှိသည် ခွင့်ပြုသူထံ ဆောလျင်စွာတင်ပြရမည်။

၅။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ(၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့်၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၅၇ ၊ ပုဒ်မခွဲ (ခ) အရ လုပ်ပိုင် ခွင့်ကို ကျင့်သုံးပြီး ပုဂ္ဂလိကသစ်တောစိုက်ခင်းနှင့် စပ်လျဉ်း၍ ဖောက်ဖျက်ကျူးလွန်မှုများသည် တမင်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိကို တစ်မှုချင်းစီအလိုက် Case by Case စစ်ဆေး ဖော်ထုတ်ရရှိမှု အခြေအနေအပေါ်မူတည်၍ သစ်တောဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ အစည်း အဝေးဆုံးဖြတ်ချက်အရ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်အရ စီမံဆောင်ရွက် နိုင်သည်-

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ် တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေပြီး အမှုပြီးပြတ်ပါက လုပ်ငန်းဆက်လက်လုပ်ကိုင် ခွင့်ပြုခြင်း၊ ဒဏ်ကြေးငွေကို တစ်ကြေလျှင် ကျပ်ငါးသောင်းဖြင့် သတ်မှတ်ပေး ဆောင်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပါယ်ဖျက်ခြင်း၊

(ဃ) စာချုပ်ရပ်စဲ၍ မြေပြန်လည်သိမ်းဆည်းခြင်း၊ စိုက်ပျိုးပင်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခြင်း၊

(င) စတင်စိုက်ပျိုးသည့်နှစ်အတွင်း သတ်မှတ်ရှင်သန်မှု ရာခိုင်နှုန်းမရှိပါက အာမခံငွေ များကို နိုင်ငံတော်အနေဖြင့် သိမ်းဆည်းခြင်း၊

(စ) သတ်မှတ်ကာလအတိုင်း မြေငှားရမ်းခများ ပေးသွင်းခြင်းမရှိပါက ဌာနမှ သတ်မှတ် ထားသည့် ရက်လွန်ဒဏ်ကြေးငွေများ ပေးသွင်းစေခြင်း၊ သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်း မရှိပါက စာချုပ်ရပ်စဲ၍ မြေပြန်လည်သိမ်းဆည်းခြင်း၊

၆။ ဤအမိန့်ကြော်ငြာစာသည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း(၃)ရက်၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၇။ ဤအမိန့်ကြော်ငြာစာကို ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ဖြင့် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ ဆောင်ရွက်နိုင်သည်။

ဌေးအောင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ် ၊ လင/စခ/၀၁၄/ကျွန်း(၉၈၄၆ - ၆၉ /၂၀၂၂)
ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်
ဖြန့်ဝေခြင်း
- ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
- ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန
- ပါမောက္ခချုပ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
- ပြည်ထောင်စုနယ်မြေ နေပြည်တော်/.................. ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန
- ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း
- ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (မှော်ဘီ၊ ပုသိမ်ကြီး)
- ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)
- အမိန့်ကြော်ငြာစာတွဲ
- မျှောစာတွဲ
- ရုံးလက်ခံ

အမိန့်အရ

၂၆.၉.၂၀၂၂

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ခင်မောင်ထွေး-၁၊ ညွှန်ကြားရေးမှူး(သဘာဝတော/စိုက်ခင်း)]